## သက်ကယ်မြက်


Scientific name - *Imperata cylindrica* (Linnaeus) Raeuschel

Common name - Cogon grass

Family - Poaceae








အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်မျိုးဖြစ်ပြီး အပေါ်သို့ထောင်မတ်၍ပေါက်သည်။ အပင်အမြင့်သည် ၃၀-၁၅၀ စင်တီမီတာအထိ တွေ့ရသည်။ မြေပေါ်ပိုင်းပင်စည်သည် တို၍ထောင်မတ်ပြီး မြေအောက်ပင်စည်မှ ထွက်ပေါ်သည်။ အမြစ်သည် မြစ်မွှာစနစ်ဖြစ်ပြီး ပင်စည်အောက်ခြေနှင့် မြေအောက်ပင်စည်ပေါ်ရှိ အဆစ်များမှထွက်သည်။ ပွင့်ညှာမဲ့ပန်းခိုင်သည် အဖြူရောင်ရှိပြီး ကိုင်းဖြာသည်။ ထပ်ဆင့်ပန်းခိုင် များစွာရှိပြီး အောက်ခြေတွင် အမွေးနုလေးများ ပတ်ပတ်လည်တွေ့ရသည်။ အစေ့သည် အညိုရောင် ရှိပြီး ရှည်မျောမျောပုံစံရှိ၍ ထိပ်ချွန်သည်။ အစေ့အားဖြင့်လည်းကောင်း၊ မြေအောက်ပင်စည်အားဖြင့် လည်းကောင်း မျိုးပွားသည်။